# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

March 3, 2020 Volume 29, Number 1


၃.၃.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၉၉/-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၂၅၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၂၉/- ကျပ် |
| CBM Rate | = ၁၄၂၇.၄ /ကျပ် |
| ယူရို တစ်ယူရို | = ၁၅၈၆.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၂၄.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၂၂.၉ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၂၁.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၃၅.၁၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၀၄.၄၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၉.၅၅၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၉.၆၀ ကျပ် |
| မလေးရှားရင်းဂစ် | =၃၃၉.၅၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၅.၁၃၅ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ၂၀၁၆ ခုနှစ်မှစ၍ ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များ အသစ်ထပ်မံချပေးခြင်း၊ သက်တမ်းတိုးပေးထားခြင်း မရှိသဖြင့် ကျောက်စိမ်း၊ ကျောက်မျက်အရိုင်း အလွန်အကျွံထုတ်လုပ်ခြင်းကို ထိန်းချုပ်နိုင်ခဲ့



၂၀၁၆ ခုနှစ်စတင်၍ ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအား အသစ်ထပ်မံချပေးခြင်း၊ သက်တမ်းတိုးပေးထားခြင်းမရှိသဖြင့် ကျောက်စိမ်း၊ ကျောက်မျက်အရိုင်းများ အလွန်အကျွံထုတ်လုပ်ခြင်းကို ထိန်းချုပ်နိုင်ခဲ့ကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှသိရသည်။ ဖေဖော်ဝါရီ ၂၈ ရက်က ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့တွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ဆွေးနွေးတင်ပြခဲ့ခြင်းဖြစ်သည်။

၂၀၁၆ ခုနှစ် ဧပြီလမှစတင်၍ ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအား အသစ်ထပ်မံချပေးခြင်း၊ သက်တမ်းတိုးပေးခြင်းများမရှိသဖြင့် ကျောက်စိမ်း၊ ကျောက်မျက်အရိုင်းများ အလွန်အကျွံထုတ်ယူခြင်းကို တိုင်းတာထိန်းချုပ်နိုင်ခဲ့ပါကြောင်း ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက တင်ပြဆွေးနွေးခဲ့သည်။ ရတနာမြေအသီးသီးတွင် လုပ်ကိုင်ခွင့်ရ လုပ်ကွက်ဧရိယာ အကျယ်အဝန်းအလိုက် အသုံးပြုရမည့်စက်ယန္တရား၊ မြေသယ်ယာဉ်အရေအတွက်နှင့် ဝန်ဆောင်မှုတို့ကိုလည်း ကန့်သတ်သတ်မှတ်ထားပြီးဖြစ်ကြောင်းသိရသည်။ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် တူဖော်ထုတ်လုပ်ရရှိသော ကျောက်စိမ်း၊ ကျောက်မျက်ရတနာများအား တွင်းဝခွန်

ကောက်ခံရာတွင် ကျောက်မျက်ရတနာများ၏ အမျိုးအစား၊ အရည်အသွေးနှင့်လျော်ညီ သည့် တန်ဖိုးသတ်မှတ်မှုဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်လျှက်ရှိပြီး ကျောက်စိမ်း၊ ကျောက်မျက်အရိုင်းများကို တန်ဖိုးဖြတ်ခြင်း၊ ရတနာခွန်ကောက်ခံခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များထုတ်ပြန်ထားရှိပြီး သက်ဆိုင်ရာနယ်မြေအလိုက် တူးဖော်ရေးဌာနများမှ အနီးကပ်ကြီးကြပ် ဆောင်ရွက်လျက်ရှိကြောင်း ဒုတိယဝန်ကြီးက တင်ပြဆွေးနွေးခဲ့သည်။

မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် အကျိုးတူကုမ္ပဏီများမှ ထုတ်လုပ်ရရှိသော ရတနာများကို ရတနာပြပွဲများတွင် တင်ပြရောင်းချပြီး ရောင်းရငွေမှ ရတနာခွန်အဖြစ် (ကျောက်စိမ်းရိုင်း ၁၁ ရာခိုင်နှုန်း၊ ကျောက်မျက်ရိုင်း ကိုးရာခိုင်နှုန်း၊ ကျောက်မျက်အချောထည် ငါးရာခိုင်နှုန်း၊ ဝန်ဆောင်ခအရိုင်း သုံးရာခိုင်နှုန်း၊ အချောထည် တစ်ရာခိုင်နှုန်း) ပေးဆောင်ပြီး ကျန်ငွေအပေါ် မြန်မာ့ကျောက်မျက်ရတနာ လုပ်ငန်းမှ ၂၅ ရာခိုင်နှုန်းနှင့် အကျိုးတူကုမ္ပဏီများမှ ၇၅ ရာခိုင်နှုန်း ခွဲဝေခံစားသည့်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ထို့ပြင် နိုင်ငံတော်အတွက် လိုအပ်ပါက ထုတ်လုပ်ရရှိသော ကျောက်စိမ်း၊ ကျောက်မျက်များကို ထုတ်လုပ်မှုအပေါ်မှ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း ရာခိုင်နှုန်း ၅၀၊ အကျိုးတူကုမ္ပဏီမှ ရာခိုင်နှုန်း ၅၀ In Kind ခွဲဝေခံစားသည့်စနစ်ဖြင့်လည်းကောင်း ခွဲဝေပါကြောင်း ဒုတိယဝန်ကြီးက ပြောကြားသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဖေဖော်ဝါရီ ၁၄ ရက်အထိ လေးလခွဲအတွင်း ပြည်ပသို့ သတ္တုတွင်းထွက် ပစ္စည်းတင်ပို့မှု ဒေါ်လာ ၉၄၄ ဒသမ ၄၁၉ သန်းရှိပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ ၆၀၂ ဒသမ ၅၀၁ သန်းအထိ ပိုမိုတင်ပို့ထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ နှစ်လကျော်တွင် ပြည်ပသို့ ကျောက်စိမ်းတင်ပို့မှုသည် အမေရိကန် ဒေါ်လာ သန်း ၄၂၀ ရှိ သည်။ ယခင်နှစ်ကာလတူတွင်မူ အမေရိကန် ဒေါ်လာတစ်သန်းခန့်သာရှိသည်။ ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ် နှစ်လကျော်တွင် ကျောက်စိမ်းတင်ပို့မှုသည် ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၄၁၉ သန်း ပိုမိုရရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/161899

## ဘင်္ဂလားဒေ့ရှ်က ဆန်တင်သွင်းရန် မြန်မာသို့ လာရောက်ကမ်းလှမ်း



ဘင်္ဂလားဒေ့ရှ်နိုင်ငံက မြန်မာနိုင်ငံကို ဘင်္ဂလားပုလဲဟု အမည်ရှိသည့် စပ်မျိုးစပါးတင်သွင်းရောင်းချရန် ကမ်းလှမ်းလာကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် တာဝန်ရှိသူအချို့ကပြောသည်။ တင်သွင်းခွင့်နှင့်ပတ်သက်၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးပြုလုပ်ပြီး ထောက်ခံချက်ပေးထားကြောင်း ဒုတိယဥက္ကဋ္ဌဦးအောင်သန်းဦးကပြောသည်။ "မြန်မာနိုင်ငံက ချုပ်ဆိုခဲ့တဲ့ ကုန်သွယ်ရေး နားလည်မှုစာချွန်လွှာအရ ခွင့်ပြုပေးရမယ့်အခြေအနေဖြစ်နေလို့ပါ" ဟု ဦးအောင်သန်းဦးကဆိုသည်။

ပြည်ပမှ လယ်ယာထွက်ကုန်များ တင်သွင်းခြင်းနှင့်ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၏ အပင်ပိုးမွှားနှင့် ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်ရရှိမှသာ တင်သွင်းရောင်းချခွင့်ပြုရန်၊ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်က တင်သွင်းခွင့်ပြုရန် ထောက်ခံချက်တွင် ဖော်ပြထားသည်ဟု ၎င်းကဆိုသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် နှစ်စဉ် ပြည်ပမှ ဆန်တန်ချိန်တစ် သန်းကျော်၊ နှစ်သန်းပုံမှန်တင်သွင်းနေရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၂၀၁၈ တွင် မြန်မာနိုင်ငံမှ ဆန်တန်ချိန်သုံးသိန်းကို အစိုးရချင်းသဘောတူညီမှုဖြင့်ဝယ်ယူရန် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့သည်။ ဆန်ရောင်းချရန် ယခုလာရောက်ကမ်းလှမ်းမှုက ၎င်းတို့နိုင်ငံတွင် စပ်မျိုးစပါးတစ်မျိုးကို အောင်မြင်စွာထုတ်လုပ်နိုင်ကြောင်း ဖော်ပြနေသည်ဟု ဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူအချို့က ပြောသည်။

ဆန်စပါးစိုက်ပျိုးထုတ်လုပ်နေသော မြန်မာနိုင်ငံတွင် ထိုင်းနိုင်ငံမှ ဆန်အချို့၊ အိန္ဒိယနိုင်ငံမှ ဆန်အချို့ကို ပြည်တွင်း၌ ရောင်းချမှုများရှိနေသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ပြီးခဲ့သည့်နှစ်က ရခိုင်ပြည်နယ်မောင်တောမှနယ်စပ်ကုန်သွယ်ရေးဖြင့် တင်ပို့

ရောင်းချနေသော မြန်မာဆန်ကို အခွန်သုံးဆတိုးမြှင့်ခဲ့ကြောင်း ရခိုင်ပြည်နယ်ရှိ ဆန်ကုန်သည်အချို့ကပြောကြားထားသည်။

Source: https://7day.news/detail?id=180355

## ချင်းပြည်နယ်ထွက် စတော်ဘယ်ရီသီးများ အထွက်ကောင်းသော်လည်း အဖွင့်ဈေးနည်း



ချင်းပြည်နယ်ထွက် စတော်ဘယ်ရီသီးများ ယခုနှစ်တွင် အထွက်နှုန်းကောင်းသော်လည်း အဖွင့်ဈေးနည်းပါးနေခြင်းကြောင့် ဈေးကွက်ရှိရာဒေသများသို့ တင်ပို့ရောင်းချရန် စီစဉ်လျက်ရှိကြောင်းသိရသည်။ အဆိုပါထွက်ကုန်များကို မကွေးတိုင်းဒေသကြီး ပခုက္ကူနှင့်စစ်ကိုင်းတိုင်းဒေသကြီး ကလေး၊ မုံရွာမြို့များသို့ တင်ပို့ရောင်းချနိုင်ရန် စီစဉ်လျက်ရှိကြောင်း တီးတိန်မြို့နယ် သိုင်းငင်ကျေးရွာမှ စတော်ဘယ်ရီစိုက်တောင်သူ ဦးလှမောင်ကပြောသည်။

ချင်းပြည်နယ်ထွက် စတော်ဘယ်ရီမှာ နှစ်စဉ်ပုံမှန်အားဖြင့် ဇန်နဝါရီလကုန်ရက်တွင် ထွက်ရှိသော်လည်း ယခုနှစ် ၌ မိုးနှောင်းကောင်းခဲ့ပြီး ဆောင်းဝင်နောက်ကျခဲ့သည့်အတွက် ဖေဖော်ဝါရီလဆန်းမှ စတင်ထွက်ရှိခဲ့ခြင်းဖြစ်ကြောင်းသိရ သည်။ "ကျွန်တော်တို့ ချင်းပြည်နယ် စတော်ဘယ်ရီသီးက နှစ်တိုင်း ဇန်နဝါရီလကုန်ဆိုရင် လှိုင်လှိုင်ပေါ်ပါတယ်။ အခုနှစ်က နောက်မိုးကောင်းပြီး ဆောင်းဝင်နောက်ကျခဲ့တဲ့အတွက် အခုဖေဖော်ဝါရီလကုန်ရက်မှ ပေါ်တာဖြစ်ပါတယ်။ ဒါပေမဲ့ အဖွင့်ဈေးပေးတာနည်းတဲ့အတွက် ကလေးမြို့ဈေးကွက်နဲ့ ပခုက္ကူ ပုဂံ၊ ညောင်ဦးဈေးကွက်ကိုတင်ပို့နိုင်ဖို့ စီစဉ်တာမျိုးတွေရှိပါတယ်။ လတ်တလောမှာတော့ ချင်းပြည်နယ်မြို့တော် ဟားခါးဈေးကွက်မှာ အရောင်းအဝယ်ဖြစ်ပါတယ်။ တချို့က ခြံမှာအရောင်းအဝယ်ဖြစ်တာမျိုး လည်းရှိပါတယ်"ဟု ၎င်းကပြောသည်။

ချင်းပြည်နယ်၌ စတော်ဘယ်ရီကို ထန်တလန်၊ ဟားခါး၊ တီးတိန်မြို့နယ်များတွင် စိုက်ပျိုးမှုများပြားပြီး နှစ်စဉ်ရောင်းဝယ်မှုပြုလုပ်ရာ၌ စတော်ဘယ်ရီခြံများတွင်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရသည်။ လက်ရှိကာလတွင် အဖွင့်ဈေးနည်းပါးခြင်းကြောင့် ဈေးကွက်ရှိရာ ဟားခါးမြို့၊ ကလေး၊ ပခုက္ကူဒေသများသို့ တင်ပို့ရောင်းချမှုနည်းပါးကြောင်းသိရသည်။ စတော်ဘယ်ရီစိုက်ပျိုးမှုမှာ ချင်းပြည်နယ်၏ ရာသီဥတုနှင့်ကိုက်ညီသည့်အတွက် ယခုအခါ နေရာဒေသအနှံ့ တိုးချဲ့စိုက်ပျိုးမှုများလာပြီး အများဆုံးစိုက်ပျိုးမှုရှိသည့် စတော်ဘယ်ရီမျိုးရင်းများမှာ ဟောင်ကောင်မျိုးရင်းနှင့်အိန္ဒိယမျိုးရင်းတို့ဖြစ်ကြောင်းသိရသည်။ "အခုကတော့ ချင်းတောင်ပေါ်မှာ စတော်ဘယ်ရီစိုက်ဧက ၅၀၀ ကျော်လောက်ရှိမယ်လို့ဆိုရမှာပါ။ ထန်တလန်ဒေသမှာ စိုက်တယ်၊ ဟားခါးချွန်ကျုံးဒေသမှာစိုက်တယ်။ ဟားခါးမြို့ဝန်းကျင်မှာလည်းစိုက်တယ်။ ဖလမ်းမြို့နယ်မှာ အနည်းအကျဉ်းစိုက်တယ်၊ တီးတိန်ဘက်မှာစိုက်တယ်။ စတော်ဘယ်ရီပေါ်ချိန်ကတော့ အကြမ်းအားဖြင့် ဇန်နဝါရီကနေ မတ်လအတွင်း လှိုင်လှိုင် ပေါ်ပါတယ်။ အခုရက်ပိုင်း စတော်ဘယ်ရီ တစ်ပိဿာ ခြံဈေး ကျပ် ၅၀၀၀ ရှိပါတယ်။ ဟားခါးမှာ ကျပ် ၆၀၀၀၊ ကလေး၊ ပခုက္ကူဘက်မှာ ကျပ် ၈၀၀၀ လို့ကြားထားတယ်"ဟု စတော်ဘယ်ရီစိုက်တောင်သူ ဦးလှမောင်ကပြောသည်။

Source: https://myanmar.mmtimes.com/news/135947.html

## စားသုံးသူပြည်သူများ သိသင့်သည့် အချက်လက်ကို မြန်မာလိုဖော်ပြရန် လုံလောက်သော ပြင်ဆင်ချိန် ပေးပြီးဖြစ်၍ မတ် ၁၆ ရက်နောက်ပိုင်း ဈေးကွက်တွင် မြန်မာစာမပါသည့် ကုန်စည်များကို စစ်ဆေးအရေးယူမည်

စားသုံးသူပြည်သူများ သိသင့်သည့် အချက်လက်တို့ကို မြန်မာစာဖြင့်ဖော်ပြရန် လုံလောက်သောပြင်ဆင်ချိန်ပေးပြီးဖြစ်၍ မတ် ၁၆ ရက်နောက်ပိုင်း ဈေးကွက်တွင်စစ်ဆေးကာ မြန်မာစာမပါရှိသည့်ကုန်စည်များကို ဥပဒေအရအရေးယူမည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူး ဦးရဲထွဋ်နိုင် (စားသုံးသူရေးရာဦးစီးဌာန-ရုံးချုပ်) ကပြောကြားသည်။ "အဓိကတော့ စားသုံးသူပြည်သူတွေ သိသင့်သိထိုက်တဲ့အချက်လက်တွေကို မြန်မာလိုဖော်ပြပေးဖို့ဆိုပြီး လိုက်လံဆောင်ရွက်နေတာဖြစ်ပါတယ်။ အခုပြင်ဆင်ချိန်

ပေးထားပြီး ပေးထားပြီးဆိုတော့ မတ် ၁၆ ရက်နောက်ပိုင်း ဈေးကွက်ထဲမှာ စစ်တာဆေးတာလုပ်ပြီးတော့မှ မြန်မာလိုမပါရှိသည့် ကုန်စည်တွေကို ဥပဒေအရအရေးယူသွားဖို့ရှိပါတယ်” ဟု ညွှန်ကြားရေးမှူး ဦးရဲထွဋ်နိုင်က မတ်၂ ရက် မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနရုံးတွင်ကျင်းပသည့် မွန်ပြည်နယ်စီးပွားရေးလုပ်ငန်းရှင်များအားတွေ့ဆုံစဉ် စားသုံးသူဥပဒေအရကုန်စည်အမျိုးအစားလိုက် ကုန်အညွှန်း အမှတ်သားများ ရှင်းလင်းဆွေးနွေးရာတွင် ထည့်သွင်းပြောကြားသည်။ ထုတ်လုပ်သည့်လုပ်ငန်းရှင်များက မြန်မာလိုဖော်ပြရမည့် အချက်အလက်တို့ကို မိမိတို့ကုန်ပစ္စည်းတွေမှာဖော်ပြရန်၊ ရောင်းချသည့်ဆိုင်များကလည်း မြန်မာလိုမပါသည့် ကုန်ပစ္စည်းများသည် စိတ်မချရသည့်တွက် တင်မရောင်းရန်၊ စားသုံးသူပြည်သူများကလည်းဈေးကွက်မှဝယ်သည့်အခါ သေချာစွာစိစစ်ဝယ်ယူရန်၊ မြန်မာလိုမပါက စိတ်မချရသည့်အတွက် မဝယ်ယူရန် ဖြည့်စွက်ပြီးပြောလိုကြောင်း ညွှန်ကြားရေးမှူး ဦးရဲထွဋ်နိုင်က ပြောကြားသည်။

ပြည်ပမှတင်သွင်းသည့် ကုန်စည်များကိုတင်သွင်းသူက မြန်မာစာဖြင့်ဖော်ပြရန်တာဝန်ယူပြီး Online Shopping ရောင်းသူများသည် ကုန်ပစ္စည်းထုတ်လုပ်သူများဖြစ်ရာ မြန်မာလိုပါရှိရန်လိုအပ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် အခက်အခဲရှိပါကအချိန်မရွေးဌာနသို့တင်ပြရန်၊ ဥပဒေမှာ အများဆုံးပြစ်ဒဏ် ကျပ်သိန်း ၂၀၀၊ ထောင်ဒဏ်နှစ်နှစ်၊ ယင်းထက်မပိုသည့် ပြစ်ဒဏ်ဖြစ်ကြောင်း ညွှန်ကြားရေးမှူး ရဲထွဋ်နိုင်ကဆိုသည်။

**Source:** https://news-eleven.com/article/162235

## မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန် တင်ပို့မှုတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း အမေရိကန်ဒေါ်လာ ၁၇ ဘီလျံအထိ ရှိခဲ့ကြောင်း စီးပွား/ကူးသန်း ဒုတိယဝန်ကြီးပြောကြား



မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တင်ပို့မှုတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း အမေရိကန်ဒေါ်လာ ၁၇ ဘီလျံအထိရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ပို့ကုန်ပိုမို တင်ပို့နိုင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောကြားသည်။ ဖေဖော်ဝါရီ ၂၈ ရက်က ပြုလုပ်သည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ ဒုတိယခြောက်လပတ် အခွန်ရငွေ စာရင်းများနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၂/၂၀၂၀) နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းရာတွင် ဒုတိယဝန်ကြီး ဦးအောင်ထူးက ယင်းကဲ့သို့ ထည့်သွင်းပြောကြား ခဲ့ခြင်းဖြစ်သည်။ “မြန်မာနိုင်ငံရဲ့ ပြည်ပပို့ကုန်တင်ပို့မှာ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၁၂ ဘီလျံခန့်ရှိခဲ့ရာမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ ၁၇ ဘီလျံအထိ ဆောင်ရွက်နိုင်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ပို့ကုန် ပိုမိုတင်ပို့လာနိုင်တာကို တွေ့ရှိရမှာ ဖြစ်ပါတယ်” ဟု ဒုတိယဝန်ကြီးက ဆိုသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးအနေဖြင့် ပို့ကုန်အမျိုးအစားနှင့် ပို့ကုန်ပမာဏ တိုးချဲ့တင်ပို့နိုင်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၁၅-၂၀၁၉ ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ ဆက်လက်၍ အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ ကို ပို့ကုန်အမည်စုံတင်ပို့နိုင်ရေးရည်မှန်းလျက် စိုက်ပျိုးရေးကုန်ထုတ်ရေးကဏ္ဍများတွင် တီထွင်ဆန်းသစ်မှုနှင့် နည်းပညာမြှင့်တင်ဆောင်ရွက်နိုင်ခြင်းတို့ဖြင့် ဟန်ချက်ညီစွာဖွံ့ဖြိုးတိုးတက်လာရေးကို ဦးတည်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးက ပြောကြားသည်။ “အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ မှာ ဦးစားပေးကဏ္ဍ ကုန်စည်ငါးမျိုး၊ ဝန်ဆောင်မှုတစ်မျိုး၊ ဖွံ့ဖြိုးရန်အလားအလာရှိတဲ့ တစ်မျိုး၊ ဦးစားပေးကဏ္ဍများကို အထောက်အကူပြု လေးမျိုးတို့ကို ရွေးချယ်ထားပြီး ပို့ကုန်မြှင့်တင်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်” ဟု ဒုတိယ ဝန်ကြီးက ပြောကြားသည်။

ပြည်တွင်း ထုတ်ကုန်တင်ပို့မှုတွင် ကုန်ကြမ်းတင်ပို့မှုအစား တန်ဖိုးမြင့်ထုတ်ကုန် တင်ပို့နိုင်ရေးသာမက ပို့ကုန်အမျိုးအစား တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ကဏ္ဍအလိုက် ဆက်စပ်ဌာနများနှင့် မိတ်ဖက်အဖွဲ့အစည်းများကြား ပေါင်းစပ်ညှိနှိုင်း၍ ကုန်သွယ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် Trade Development အစီအစဉ်ကို ကာလလတ်အစီအစဉ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုမူဝါဒကို ချမှတ်ဆောင်ရွက်ရာတွင် နိုင်ငံ၏ကုန်သွယ်နှင့် ဆက်နွှယ်နေသည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကိုအခြေခံကာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ သဘောတူညီချက်များ၊ ဒေသဆိုင်ရာ ကုန်သွယ်ရေးသဘောတူညီချက်များနှင့် လိုက်လျောညီထွေစွာဖြင့် အကောင်အထည်ဖော်လျက်ရှိကြောင်း ဒုတိယဝန်ကြီးက ပြောကြားသည်။ “ပို့ကုန်သွင်းကုန်များ အပေါ်မှာ ပိတ်ပင်တားမြစ်ခြင်းထက် ပြည်တွင်းလိုအပ်သော ကုန်ကြမ်းများအပေါ်မှာ အကောက်ခွန်လျှော့ချခြင်း၊ ပြည်တွင်းထုတ်လုပ်နိုင်တဲ့ ကုန်ချောပစ္စည်းများအပေါ် အခွန်တိုးမြှင့် သတ်မှတ်ခြင်းများအပြင် အကောက်ခွန်မဟုတ်သောအစီအမံများနဲ့ ရေတိုရေရှည်စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်” ဟု ဒုတိယဝန်ကြီးကပြောကြားသည်။

**Source:** https://news-eleven.com/article/162058

## ရေနံချောင်းတွင် ခရမ်းချဉ်သီးတစ်ပိဿာ ကျပ် ၃၀၀ အထိ ဈေးကျနေ



မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့တွင် ခရမ်းချဉ်သီးဈေးကျနေသောကြောင့် တောင်သူများနှင့် ရောင်းဝယ်သူများ တွက်ခြေမကိုက်ကြောင်းသိရသည်။ ''အခုခရမ်းချဉ်သီးဈေးက တစ်ပိဿာ ကျပ် ၃၀၀ ပဲရှိတယ်။ ရေဖိုးခ၊ စိုက်ပျိုးစရိတ်၊ အလုပ်သမားစရိတ်တွေက အကုန်အကျများတယ်။ ကေအကျယ်အဝန်းပေါ်မူတည်ပြီး အနည်းဆုံး ကျပ်သုံးသိန်းကနေ ငါးသိန်းကုန်တယ်။ အခု ပေါက်ဈေး တစ်ပိဿာကျပ် ၃၀၀ နဲ့တွက်ရင် တွက်ခြေမကိုက်ဘူးပေါ့''ဟု ရေနံချောင်းမြို့နယ်မှ တောင်သူဒေါ်ဆန်းကပြောသည်။

ပြီးခဲ့သည့် ဇန်နဝါရီလတွင် ခရမ်းချဉ်သီး တစ်ပိဿာကျပ် ၁၅၀၀ အထိ ဈေးမြင့်တက်ခဲ့ရာမှ လက်ရှိ တစ်ပိဿာ ကျပ် ၃၀၀ သို့ ကျဆင်းခဲ့ခြင်းဖြစ်သည်။ ''ဘာကြောင့် ဈေးကျရသလဲဆိုရင် နယ်ကလည်း ကုန်စိမ်းကားသုံးစီးဝင်တယ်။ မြို့မဈေးအနီးမှာ တစ်ပိဿာ ကျပ် ၃၀၀ နဲ့ရောင်းတယ်။ ဒေသသီးတွေ ကျပ် ၅၀၀ ရှိနေချိန်မှာ နယ်သီးတွေက တစ်ပိဿာ ၃၀၀ နဲ့ ရောင်းတဲ့အတွက်ဈေးကျနေတာပါ''ဟု ရေနံချောင်းမြို့သစ်ရပ်ကွက်တွင် ခရမ်းချဉ်သီးရောင်းချနေသူတစ်ဦးကပြောသည်။

**Source:** https://myanmar.mmtimes.com/news/136043.html

## မြန်မာ့ကြက်သွန်နီ ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့မှုမြင့်တက်

အိန္ဒိယနိုင်ငံက ဘင်္ဂလားဒေ့ရှ်သို့ ကြက် သွန်နီတင်ပို့မှု ပိတ်ပင်လိုက်သဖြင့် မြန်မာ့ကြက်သွန်နီ ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့မှုမှာ မြင့်တက်လျက်ရှိကြောင်း မောင်တောနယ်စပ်ကုန်သွယ်ရေးဇုန်ရှိ တာဝန်ရှိသူတစ်ဦးထံမှသိရသည်။ "အရင်နှစ်တွေတုန်းကတော့ ဒီလောက်တင်ပို့တာမများပါဘူး။ ဒီနှစ်ကတော့ သိသိသာသာတိုးတက်လာတာပါ။ ဒီနှစ်အိန္ဒိယဘက်မှာ မိုးမကောင်း တော့ သီးနှံအထွက်တွေ ကျဆင်းတယ်။ ဒီအတွက် ဘင်္ဂလားဒေ့ရှ်ကို အိန္ဒိယက ကြက်သွန်နီတင်ပို့မှုကိုလည်း ပိတ်လိုက်တယ်။ မြန်မာဘက်မှ ကြက်သွန်နီတွေကို ဘင်္ဂလားဒေ့ရှ်က ပိုပြီးတင်လာပါတယ်။ ဒါကြောင့်မြန်မာ့ကြက်သွန်နီတင်ပို့မှု မြင့်တက် သွားတာဖြစ်ပါတယ်"ဟု မောင်တောနယ်စပ်ကုန်သွယ်ရေးဇုန်မှ တာဝန်ရှိသူက



ပြောကြားသည်။

နယ်စပ်ကုန်သွယ်ရေးဇုန်မှ ဘင်္ဂလား ဒေ့ရှ်နိုင်ငံသို့ ကြက်သွန်နီ တင်ပို့မှုမှာ ၂၀၁၉ - ၂၀၂၀ဘဏ္ဍာနှစ် အောက်တိုဘာ လတွင် ကြက်သွန်နီတန်ချိန် ၁၁၇၅ တန် (တန်ဖိုးအမေရိကန်ဒေါ်လာ ၆၉၆၆၀)၊ နိုဝင်ဘာလက ၁၀၇၄ တန် (တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၃၀၀၀)၊ ဒီဇင်ဘာလ တန်ချိန် ၇၆၁ တန် (တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၂၀၀၀)၊ ဇန်နဝါရီလ တန်ချိန် ၁၁၀၂ တန် (တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၃၀၀၀)၊ ဖေဖော်ဝါရီလ ၁၆၁၃ တန် (တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၃၀၀၀) ရှိကြောင်း သိရသည်။

မြန်မာ့ကြက်သွန်နီ ဘင်္ဂလားဒေ့ရှ်သို့တင်ပို့မှုမြင့်တက်နေသော်လည်း တစ် ပိဿာကျပ် ၁၅၀၀ အထိ ကျဆင်းလာကြောင်း၊ ယခင်က တစ်ပိဿာကျပ် ၃၀၀၀ အထိ ဈေးတက်ခဲ့ကြောင်း၊ အကြောင်းမှာ မိုးကြက်သွန်များ လှိုင်လှိုင်ပေါ်လာခြင်းကြောင့် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံပြည်တွင်းဈေးကွက်များတွင်လည်းကြက်သွန်နီဈေးမှာ မိုးကြက်သွန်များလှိုင်လှိုင်ပေါ်၍ ဈေးကျဆင်းလာကြောင်း၊ သို့သော်လည်း ဘင်္ဂလားဒေ့ရှ်သို့ ကြက်သွန်နီတင်ပို့မှုမှာ အားကောင်းလျက်ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## ပျားမွေးမြူခြင်းဖြင့် တောင်သူလယ်သမားများ၏ သီးနှံအရည်အသွေးနှင့် ထွက်နှုန်းပိုမိုကောင်းမွန်နိုင်

ပျားမွေးမြူရေးကြောင့် စိုက်ပျိုးပင်များနှင့် သဘာဝပေါက်ပင်များ၏ ဝတ်မှုန်ကူးခြင်းကို ပိုမိုဖြစ်ထွန်းစေပြီး သီးနှံ အထွက်နှုန်းလည်း ပိုမိုတိုးတက်စေနိုင်ကြောင်းနှင့် မြန်မာနိုင်ငံ၌ ခေတ်မီပျားမွေးမြူရေးစီမံကိန်းကို အကောင်အထည်ဖော် ရာတွင် ပျားရည်နှင့် ပျားထွက်ပစ္စည်းများရရှိရုံသာမက စိုက်ပျိုးသီးနှံများ နှစ်ဆမှ ၁၀ ဆအထိ အထွက်နှုန်းတိုးရန်လည်း ရည်ရွယ်ချက်ပါရှိကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ သိရသည်။စစ်ကိုင်းတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီး ဌာနမှူး ဒေါက်တာမြင့်စိုးက စစ်ကိုင်း တိုင်းဒေသကြီးတွင် ပျားမွေးမြူသူဦးရေ ၃၁၇ ဦးရှိပြီး ပျားအုံအရေအတွက် ၈၉၆၉၅ အုံကို မွေးမြူလျက်ရှိကြောင်း၊ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်က ပျားရည် ၂၆၅၅ မက်ထရစ်တန်ထွက်ရှိခဲ့ကြောင်း၊ ပျားများသည်ဝတ်မှုန်ကူးခြင်းကို ဆောင်ရွက်ပေးသဖြင့် တောင်သူများအတွက် သီးနှံများပိုမိုထွက်ရှိစေပြီး သီးနှံအရည်အသွေးကိုလည်း ပိုမိုကောင်းမွန်စေနိုင်ကြောင်း၊ ပျားမွေးမြူခြင်းသည် တွင်းထွက်သတ္တုများတူးဖော်သကဲ့သို့ သဘာဝ ပတ်ဝန်းကျင်ကို ပျက်စီးစေခြင်းမရှိသည့်အပြင် သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ကိုပါထိန်းသိမ်းပေးကြောင်းပြောကြားသည်။



ပျားမွေးမြူရေးသည် စိုက်ပျိုးရေးကိုအကျိုးပြုသဖြင့် တောင်သူများအနေဖြင့် စိုက်ပျိုးရေးနှင့်ပူးတွဲ၍ အကျိုးရှိစွာ လုပ်ဆောင်နိုင်ပြီး ပျားများကြောင့် စိုက်ပျိုးသီးနှံပင်များ အောင်မြင်စွာဝတ်မှုန်ကူးခြင်းဖြင့် သီးနှံများကြီးထွားအောင်မြင် အထွက်နှုန်းကောင်းမွန်၍ ဝင်ငွေတိုးစေနိုင်သကဲ့သို့ ပျားရည်၊ ပျားဖယောင်း၊ ပျားကော်စသည့် ပျားထွက်ပစ္စည်းများကြောင့် လည်း အပိုဝင်ငွေထပ်မံရရှိလာနိုင်မည်ဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/

## မြဝတီမြို့တွင် ထိုင်းဘတ်ငွေဈေးနှုန်း ဆက်တိုက်ကျဆင်း၊ မြန်မာကျပ်ငွေ တန်ဖိုးမြင့်တက်

မြဝတီမြို့တွင် မတ်လဆန်းပိုင်းအထိ ထိုင်းဘတ်ငွေဈေးနှုန်းများ ထပ်မံကျဆင်းလာပြီး မြန်မာကျပ်ငွေတန်ဖိုး မြင့်တက် လာခဲ့သည့်အတွက် ထိုင်းကုန်ပစ္စည်းများ အရောင်းသွက်လာခဲ့ကြောင်းသိရသည်။ "ကျွန်မတို့က မဲဆောက်ကနေ အခြေခံ စားကုန်တွေကိုမှာပြီး မြဝတီမြို့ ဘုရင့်နောင်ဈေးကြီးမှာ ရောင်းနေတာ နှစ်ပေါင်းမနည်းတော့ပါဘူး။ အဓိကရောင်းကုန်တွေ ကတော့ စားဆီ၊ အချိုရည်၊ အချိုမှုန့်၊ ငါးသေတ္တာ၊ နို့ဆီ၊ နို့စိမ်း၊ ဆပ်ပြာမှုန့်၊ မာမားခေါက်ဆွဲ အစရှိတဲ့ စားကုန်တွေပေါ့။ အခု ထိုင်းဘတ်ဈေးက ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်မှာ ထိုင်းဘတ် ၂၀၄၀ ကို မြန်မာငွေကျပ်တစ်သိန်း ရှိခဲ့ရာကနေ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှာ ထိုင်းဘတ် ၂၁၀၀ ကို မြန်မာငွေကျပ်တစ်သိန်းဖြစ်ခဲ့လို့ ထိုင်းကုန် ပစ္စည်းတွေလည်း ဈေးနှုန်း

ကျဆင်းခဲ့တာပေါ့"ဟု မြဝတီမြို့ ဘုရင့်နောင်ဈေးကြီးထဲ၌ မဲဆောက်မှ ထိုင်းစားကုန်ပစ္စည်းများ ဝယ်ယူရောင်းချနေသည့် ဈေးသည်တစ်ဦးကပြောသည်။ "ထိုင်းဘတ်ဈေးကျလာတဲ့အတွက် အမြဲလာဝယ်နေကြတဲ့ မော်လမြိုင်၊ ရန်ကုန်ပို့နေတဲ့ ကုန်သည်တွေလည်း ကျွန်မဆိုင်မှာ ထိုင်းစားကုန်ပစ္စည်းတွေ ပြန်လာဝယ်ကြပြီပေါ့။ ဒီတော့ အရင်ထက်စာရင် အရောင်းအဝယ် ပြန်လည်ကောင်းလာတယ်။ မတ် ၁ ရက်ကတော့ ထိုင်းဘတ်ငွေ ၂၂၅၀ မှာ မြန်မာငွေကျပ် တစ်သိန်းဖြစ်သွားပြီ"ဟု အဆိုပါ ဈေးသည်က ဆက်လက်ပြောကြားသည်။

မြဝတီမြို့ ဘုရင့်နောင်ဈေးကြီးအတွင်း လက်ရှိရောင်းချနေသော စားကုန်ပစ္စည်းဈေး နှုန်းများမှာ အာဂျီနိုမိုတိုဆွမ်းအုပ် တံဆိပ် (အိုး အချိုမှုန့်) အထုပ် ၂၀ ပါ တစ်ပါကင် ကျပ် ၈၂၀၀၀၊ မာမားချဉ်စပ်အထုပ် ၃၀ ပါ ဖာသေး ခြောက်ဖာပါ တစ်ပါကင် ကျပ် ၃၇၅၀၀၊ မိသားစု ငါးသေတ္တာအလုံးသေး လေးဒါဇင်ပါတစ်ပါကင် ကျပ် ၄၅၀၀၀၊ ၂၅ ကီလို JUMPဆပ်ပြာ ဖာကြီးတစ်ပါကင် ကျပ် ၂၈၀၀၀၊ စားဆီ ၁၀ ပိဿာဝင် ကော်ပုံးကြီးတစ်ပုံး ကျပ် ၁၄၅၀၀၊ M-150 အချိုရည်အလုံးသေး ၅၀ ပါ တစ်ပါ ကင် ကျပ် ၁၅၀၀၀၊ မြင်းတံဆိပ်ပလတ်စတစ် ဖျာ ၁၂ ချပ်ပါ တစ်စည်း ကျပ် ၈၂၀၀၀၊ ဗျိုင်း တံဆိပ်နို့ဆီ လေးဒါဇင်ပါ တစ်ပါကင် ကျပ် ၃၁၅၀၀၊ ကလေးပုံတံဆိပ်နို့စိမ်း လေးဒါဇင်ပါ တစ်ပါကင် ကျပ် ၂၈၀၀၀၀ ဈေးနှုန်းများနှင့်ရောင်းချနေကြောင်း သိရသည်။ မဲဆောက်တွင် အလုပ်လုပ်နေသည့် မြန်မာလုပ်သားတစ်ဦးက "အရင်လတွေက အိမ်ကို ငွေများများပို့နိုင်တယ်။ ထိုင်းဘတ်ဈေးက ကောင်းတော့အဆင်ပြေတယ်။ အခုထိုင်းဘတ်ဈေး ဆက်တိုက်ကျလာတဲ့အတွက် လုပ်ခကဘတ်နဲ့ ရတာကြောင့် မြန်မာငွေလဲတော့ အရင် လောက်အဆင်မပြေတော့ဘူး"ဟုပြောသည်။

**Source:** https://myanmar.mmtimes.com/news/136117.html

## ကိုရိုနာပိုင်းရပ်စ်ရောဂါယက်ကြောင့် မြန်မာ့ရေထွက်ပစ္စည်းပို့ကုန်ဝင်ငွေကျဆင်း

ကိုရိုနာပိုင်းရပ်စ်ရောဂါယက်ကြောင့် မြန်မာနိုင်ငံရဲ့ ရေထွက်ကုန်ပစ္စည်းတင်ပို့မှုကနေ ပို့ကုန်ဝင်ငွေရရှိမှုက အရင်နှစ် ကာလတူနဲ့နှိုင်းယှဉ်ရင် ဖေဖော်ဝါရီတစ်လအတွင်းမှာ ဒေါ်လာ ၁ သန်းခွဲလောက် လျော့ကျခဲ့တယ်လို့ မုဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် ညွှန်ကြားရေးမှူးကပြောပါတယ်။ ဒီရောဂါယက်ကြောင့် ပြီးခဲ့တဲ့ဖေဖော်ဝါရီလဆန်းပိုင်းကနေ တတိယပတ် လောက်အထိ မုဆယ်လမ်းကြောင်းကနေ ရေထွက်ကုန်တင်ပို့မှု လုံးဝရပ်တန့်ထားခဲ့ရတာလို့ မုဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ညွှန်မှူး ဦးနန္ဒကပြောပါတယ်။ "တန်ဖိုးအရ အရင်နှစ်ကဆိုရင် ဒေါ်လာ ၈ သန်းကျော်ပေါ့။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၅ ရက်အထိက ၆ ဒသမ ၅ သန်းဆိုတော့ ၁ သန်းခွဲလောက် အရင်နှစ်ကာလတွေထက်လျော့နည်းတယ်။" ရေထွက်ကုန်ပစ္စည်းအနေနဲ့ မုဆယ်ဈေးကွက်ကို အခုရက်ပိုင်းအတွင်းမှာ အေးခဲငါးအမျိုးမျိုးက တရက်ကို ကားအစီးရေ ၁၀ စီးအထက်အထိ ဝင်ရောက်နေပြီးတော့ ငါးရှဉ့်ကတော့ မွေးမြူတဲ့ကာလမဟုတ်တဲ့အတွက် ကားအစီးရေ ၃ စီးဝန်းကျင်သာ နေ့စဉ်ဝင်ရောက်နေပါတယ်။

တရုတ်နိုင်ငံကို အဓိကတင်ပို့နေတဲ့ ရေထွက်ပို့ကုန် နောက်တမျိုးဖြစ်တဲ့ ကဏန်းတွေတင်ပို့မှုကလည်း လျော့ကျနေသေး တယ်လို့ ရေထွက်ပစ္စည်းပို့ကုန်လုပ်ငန်းရှင် ဦးထွန်းအေးကပြောပါတယ်။ "တရုတ်ဘက်က ဝယ်လိုအားတော့ သိပ်မရှိ သေးဘူး။ ဒီဘက်က ပို့နိုင်တာကအရင်က ဆယ်စီးဆိုရင် အခု သုံးစီး၊ လေးစီးလောက်ပဲပို့နိုင်တယ်။ ဈေးကတော့ တက်မလာ သေးဘူး။ ဝယ်လိုအားနည်းနေသေးတော့ ဈေးမရသေးဘူးပေါ့။" ပြည်တွင်းလက်လီဈေးကွက်မှာတော့ အေးခဲထားနိုင်တဲ့ ငါးအမျိုးမျိုး၊ ပုစွန်စတဲ့ ရေထွက်ပစ္စည်းတွေက အတက်အကျသိပ်မရှိဘဲ ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်နေဆဲပါ။ ကဏန်းကတော့ ပြီးခဲ့တဲ့ဇန်နဝါရီလက တပိဿာကို ကျပ် ၇၀၀၀ ဝန်းကျင်ဈေးရှိခဲ့ပြီး၊ ဖေဖော်ဝါရီလမှာ ကျပ် ၅၀၀၀ အထိ ဈေးကျဆင်းသွားပါတယ်။

**Source:** http://burmese.dvb.no/archives/374464

## တစ်နှစ်ကျော်အတွင်း အမြင့်ဆုံးရောက်လာသော ဗီယက်နမ် ပို့ကုန်ဆန်ဈေးနှုန်း

ဖိလစ်ပိုင်နှင့်မလေးရှားနိုင်ငံတို့မှ ဝယ်လိုအားကောင်းနေသဖြင့် ဗီယက်နမ်ပို့ကုန်ဆန်ဈေးနှုန်းများသည် တစ်နှစ်ကျော်

အတွင်း အမြင့်ဆုံးသို့ ရောက်ရှိလာပြီး အိန္ဒိယဆန်ဈေးများမှာလည်း လေးလကျော်အတွင်း အမြင့်ဆုံးနားတွင် တည်ရှိနေသည်။ ဗီယက်နမ်နိုင်ငံတွင် စံသတ်မှတ်ထားသော ၅ မှတ် ပို့ကုန်ဆန်ဈေးနှုန်းသည် တစ်တန်လျှင် ၃၈၀ ဒေါ်လာသို့ မြင့်တက်လာသဖြင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလနောက်ပိုင်း အမြင့်ဆုံးပေါက်ဈေး ဖြစ်လာသည်။ ထိုမတိုင်ခင်က ယင်းဆန်ပေါက်ဈေးသည် ၃၅၅–၃၆၀ ဒေါ်လာဝန်းကျင်သာရှိခဲ့သည်။“တလောတုန်းက ဖိလစ်ပိုင်နဲ့မလေးရှားက အဝယ်အမှာစာတွေပိုရခဲ့ပါတယ်။ အဝယ်တွေ တက်လာချိန်မှာ ဆောင်းစပါးတွေက များများစားစား ပေါ်မလာသေးလို့ ဆန်ဈေးတွေလည်းမြင့်လာပါတယ်” ဟု ဟိုချီမင်းမြို့ အခြေစိုက် ဆန်ကုန်သည်တစ်ဦးကပြောသည်။ ထို့အပြင် တရုတ်နိုင်ငံတွင်ဖြစ်ပွားနေသော ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါကြောင့် ဗီယက်နမ်မှတရုတ်သို့ ဆန်တင်ပို့မှုအပေါ် အကျိုးသက်ရောက်မှုမရှိခဲ့ကြောင်း ဗီယက်နမ်စားနပ်ရိက္ခာအဖွဲ့အစည်း VFA ၏ ဒုဥက္ကဋ္ဌ ဖြစ်သူ Do Ha Nam က ပြောကြားသည်။ ဗီယက်နမ်သည် ယခုနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် ၆.၇၅ သန်း တင်ပို့ရန် မျှော်မှန်းထားရာ ယခင်နှစ် ၂၀၁၉ ထက် ၆ % ပိုများလာမည်ဟု ၎င်းကပြောဆိုသည်။“တခြားဆန်ထုတ်လုပ်တဲ့ နိုင်ငံတွေနဲ့ ယှဉ်ရင် ဗီယက်နမ်ဆန်ဈေးက နိမ့်နေတုန်းပဲမို့ ဆန်ဈေးတွေက ဒီထက် ပိုတက်လာနိုင်ခြေလည်းရှိပါတယ်” ဟု ဆန်ကုန်သည် တစ်ဦးက ခန့်မှန်းပြောဆိုထားသည်။ ထိုင်းနိုင်ငံတွင် ဆယ်စုနှစ်များစွာအတွင်း အဆိုးရွားဆုံး မိုးခေါင်ရေရှားမှုနှင့် ကြုံနေရသဖြင့် ကာလရှည်ကြာ မိုးခေါင်မှုဒဏ်ခံနေရသည့် တောင်သူလယ်သမားများအား ဘတ် ၃.၁၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၉၈.၃) သန်းကို ထောက်ပံ့ကူညီပေးရန် ထိုင်းအစိုးရက မကြာသေးခင်က ဆုံးဖြတ်အတည်ပြုခဲ့သည်။

**Source:** https://www.facebook.com/gromaxxmyanmar/posts/485047825521860?__tn__=K-R

## တရုတ်နိုင်ငံကပ်ရောဂါသက်ရောက်မှုကြောင့် မလေးရှားဒူးရင်းသီး ဈေးနှုန်း ၅၀ % ကျဆင်း



'Malay Mail' ၏ထုတ်ပြန်ချက်အရ ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါကြောင့် တရုတ်နိုင်ငံ၏ ကုန်စည်စီးဆင်းမှုရပ်ဆိုင်းခြင်း၊ မြို့ပြသွားလာမှုပိတ်ပင်ခြင်းနှင့် စားသုံးမှုစနစ်ပြောင်းလဲခြင်းတို့ကိုဖြစ်စေခဲ့ပြီး မလေးရှားဒူးရင်းသီးလုပ်ငန်းအပေါ်လည်း သက်ရောက်ခဲ့ပါသည်။ ယခုလက်ရှိ မလေးရှားဒူးရင်းသီး ဝယ်လိုအားနှင့်ဈေးနှုန်းမှာ ပြင်းထန်သော သက်ရောက်မှုဖြစ်ခဲ့ခြင်းကြောင့် မလေးရှားပို့ကုန်လုပ်ငန်းရှင်များသည် သစ်သီးများစွာသောင်တင်နေမှု၊ အော်ဒါမှာယူမှုလျှော့နည်းခြင်းစသည့် ကိစ္စရပ်များနှင့်ကြုံတွေ့ရသည်သာမက ပို့ဆောင်ပြီးသော သစ်သီးများမှာလည်း ငွေပြန်မရနိုင်သော အခြေအနေများ ဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။ မလေးရှားဒူးရင်းသီးပို့ကုန်လုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ Sam Tan က တရုတ်နိုင်ငံသည် ပုံမှန်အားဖြင့် တရုတ်နှစ်သစ်ကူးကာလတွင် ဒူးရင်းသီးအများအပြားတင်သွင်းသော်လည်း ကိုရိုနာဗိုင်းရပ်စ်အဆုတ်ရောင်ရောဂါကြောင့် ဝယ်ယူမှုနှုန်းထား ဆက်လက်ကျဆင်းခြင်းကိုဖြစ်စေခဲ့သည်ဟု ပြောကြားခဲ့ပါသည်။ 'တရုတ်နိုင်ငံ ဖြန့်ဖြူးရောင်းချသောကုန်သည်များသည် တရုတ်နှစ်သစ်ကူးတွင် ရောင်းချရန်အတွက် ဒူးရင်းသီးများစွာ သိုလှောင်ခဲ့သော်လည်း ယခုလက်ရှိရောင်းချခြင်းမပြုလုပ်နိုင်ခဲ့ပါ။ နောက်အသုတ်အော်ဒါမှာယူမှု များစွာလျှော့နည်းခြင်းနှင့် ပယ်ဖျက်ခြင်းဖြစ်မည်ကို အလွန်စိုးရိမ်နေပါသည်။ နှစ်သစ်ကူးပိတ်ရက်ပြီးဆုံးပြီးမှသာလျှင် အတိအကျသိနိုင်မည်ဖြစ်ကြောင်း' ဆက်လက်ပြောကြားခဲ့သည်။ ပီကင်း၊ ရှန်ဟိုင်း၊ ကွမ်ကျိုးနှင့် ချင်းတောင်သို့ သစ်သီးအလုံးလိုက်နှင့်အေးခဲဒူးရင်းသီးယို တင်ပို့သော မလေးရှားနိုင်ငံ ဒူးရင်းသီးစိုက်ပျိုးသူ Andy Tan က လက်ရှိဈေးနှုန်းမှာ ၅၀% ကျဆင်းခဲ့ပါသည်ဟု ပြောကြားခဲ့ ပါသည်။ တရုတ်နိုင်ငံရှိ မြို့အချို့ပိတ်ခဲ့ပြီးနောက် လွန်ခဲ့သောနှစ်ပတ်အတွင်း အော်ဒါမှာယူမှုမှာ လုံးဝမရှိသောအခြေအနေဖြစ်ပေါ်ခဲ့ကြောင်း ဆက်လက်ပြောကြားခဲ့သည်။

**Source:** https://www.facebook.com/shweliayarnews/

## ၉၀% မှာ တရုတ်နိုင်ငံမှတင်သွင်းရသောကြောင့် အရေးပေါ်အခြေအနေအောက်တွင် အင်ဒိုနီးရှား ကြက်သွန်ဖြူဈေးနှုန်း တစ်ကီလိုလျှင် ယွမ်ငွေ ၄၀ ကျော်အထိ ရုတ်တရက်မြင့်တက်လာ



ပြည်ပသတင်းမီဒီယာ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ထုတ်ပြန်ချက်အရ မကြာသေးမီရက်ပိုင်းက ကုန်စည်သယ်ယူပို့ဆောင်မှု ရပ်ဆိုင်းခြင်း၏သက်ရောက်မှုကြောင့် အင်ဒိုနီးရှားနိုင်ငံ၏ မြို့တော်ဂျာကာတာဈေးကွက်ရှိ ကြက်သွန်ဖြူဈေးနှုန်းမှာ တစ်ပတ်အတွင်း ၇၀% မြင့်တက်ခဲ့ပါသည်။ အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် ကြက်သွန်ဖြူတင်သွင်းမှု အများဆုံးနိုင်ငံဖြစ်၍ နှစ်စဉ်ကြက်သွန်ဖြူတန်ချိန် (၅) သိန်းခန့်တင်သွင်းရန် လိုအပ်ကြောင်းသိရသည်။ တရုတ်နိုင်ငံသည် ကမ္ဘာ့တစ်ဝန်းကြက်သွန်ဖြူစိုက်ပျိုးထုတ်လုပ်မှု အကြီးဆုံးနိုင်ငံအဖြစ် အင်ဒိုနီးရှားကြက်သွန်ဖြူတင်သွင်းမှု၏ ၉၀% ကို နေရာယူထားပါသည်။ ယခုလတ်တလောကာလတွင် ကပ်ရောဂါသက်ရောက်မှုကြောင့် အင်ဒိုနီးရှားဈေးကွက်တွင် ပြည်ပထောက်ပံ့မှု ပြတ်တောက်ခြင်းဖြစ်ပေါ်မည်ကိုစိုးရိမ်နေရပါသည်။ အဆိုပါအချက်သည် ကြက်သွန်ဖြူဈေးနှုန်းကို အချိန်တိုအတွင်း တစ်ကီလိုလျှင် ၈၀၀၀၀ အင်ဒိုနီးရှားရူပီးယားအထိ (တစ်ကီလိုလျှင် ယွမ်ငွေ (၄၀.၆၅) ယွမ်ခန့်) မြင့်တက်မှုကိုဖြစ်စေခဲ့ပါသည်။ အဆိုပါအခြေအနေနှင့်ရင်ဆိုင် နေရသော အင်ဒိုနီးရှားနိုင်ငံသည် ပြည်တွင်းဈေးကွက်ဖိအားများကိုလျှော့ချရန် နည်းလမ်းများရှာဖွေလျက်ရှိပါသည်။ အင်ဒိုနီးရှားဈေးကွက်ကုန်သွယ်ရေးလုပ်ငန်းရှင်အသင်းက ထိုင်းနိုင်ငံနှင့်လာအိုစသည့် အခြားနိုင်ငံမှ ကြက်သွန်ဖြူတင်သွင်းခွင့်ပြု လက်မှတ်ကို ၎င်းနိုင်ငံတွင် လျင်မြန်စွာထုတ်ပေးရန် တွန်းအားပေးလျက်ရှိပါသည်။ အင်ဒိုနီးရှားနိုင်ငံသည် ဈေးနှုန်းထပ်မံ မြင့်တက်မှုကို တားဆီးရန် ယခုအပတ်တွင် ခွင့်ပြုလက်မှတ်တရားဝင်ထုတ်ပေးရန်စီစဉ်လျက်ရှိပါသည်။ ထို့အတူ ယခုအပတ်တွင် အင်ဒိုနီးရှားနိုင်ငံသည် ၎င်းဒေသ၏ဈေးနှုန်း လျင်မြန်စွာ ကျဆင်းစေရန် ကြက်သွန်ဖြူတန်ချိန် (၁.၀၃) သိန်းတင်သွင်းရန်စီစဉ်ထားပြီး အဆိုပါ ကြက်သွန်ဖြူအသုတ်သည် အများစုမှာ တရုတ်နိုင်ငံမှတင်သွင်းခြင်းဖြစ်သည်။ ဂရုပြုရမည်မှာ လတ်တလော အရေးကြီးသည့်အချိန်တွင် အင်ဒိုနီးရှားနိုင်ငံသည် မမျှော်လင့်ထားသော လုပ်ဆောင်ချက်များစွာကိုဆောင်ရွက်ခဲ့သည်။ ယခုလဆန်းပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံသည် တရုတ်နိုင်ငံသို့ ပျံ့သန်းပြေးဆွဲနေသော လေကြောင်းနှင့် တရုတ်နိုင်ငံမှအစားအစာတင်သွင်းမှုများကို ယာယီရပ်ဆိုင်းရန် ဆုံးဖြတ်ခဲ့ပါသည်။ သို့သော် ဈေးကွက်မှာလည်း အင်ဒိုနီးရှား၏ ထိုဆုံးဖြတ်ချက်အပေါ် စိုးရိမ်ခဲ့ပြီး ၎င်း၏စီးပွားရေးအပေါ် သက်ရောက်မှုကိုဖြစ်စေနိုင်မည်ဟုပြောကြားခဲ့သည်။ ထို့နောက် အင်ဒိုနီးရှားနိုင်ငံသည် တရုတ်နိုင်ငံမှအစားအစာတင်သွင်းမှုကန့်သတ်ချက်ကို အရေးပေါ်ပြင်ဆင်မှုပြုလုပ်ခဲ့ပါသည်။ သို့သော် ဗီယက်နမ်နိုင်ငံ Vietnam News Agency ဖေဖော်ဝါရီလ ၇ ရက်ထုတ်ပြန်သော သတင်းအရ စိုးရိမ်မှုကြောင့် အင်ဒိုနီးရှားနိုင်ငံသည် တရုတ်နိုင်ငံ၏ ရေထွက်ကုန်တင်သွင်းမှုကို ကန့်သတ်ရန်ဆုံးဖြတ်ခဲ့ပါသည်။

**Source:** https://www.facebook.com/shweliayarnews/

## အလုပ်မှခွင့်ယူခဲ့ရသူမိဘများအတွက် ဝင်ငွေဆိုင်ရာထောက်ပံ့ကြေးပေးရန် ဂျပန်အစိုးရကြေငြာခဲ့

ကိုရိုနာဗိုင်းရပ်စ် အမျိုးအစားသစ်ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ရန်အတွက် နိုင်ငံအတွင်းရှိ စာသင် ကျောင်းများ ယာယီပိတ်ရန်ကြေငြာချက်ကြောင့် လုပ်ငန်းခွင်မှခွင့်ယူလိုက်ရသော မိဘများအတွက် ဝင်ငွေဆိုင်ရာထောက်ပံ့ကြေးအဖြစ် လူတစ်ဦးလျှင် တစ်ရက်အတွက် အမြင့်ဆုံးအမေရိကန်ဒေါ်လာ ၈၀ ခန့်ထိ ထောက်ပံ့ပေးသွားရန်ပြင်ဆင်နေကြောင်း ဂျပန်အစိုးရက ကြေငြာခဲ့ပါသည်။

အဆိုပါထောက်ပံ့ကြေး အစီအစဉ်သစ်တစ်ရပ်နှင့်ပတ်သက်သည့် အသေးစိတ်အစီအစဉ်ကို ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ပြီးခဲ့သည့်တနင်္လာနေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ စာသင်ကျောင်းများ ပိတ်လိုက်ရခြင်းကြောင့် ကလေးများကိုစောင့်ရှောက်ရန် အလုပ်မှခွင့်ယူလိုက်ရသည့် ဝန်ထမ်းများရှိသောကုမ္ပဏီများအား ထိုဝန်ကြီးဌာနက ခွင့်ယူလိုက်ရသူတစ်ဦးစီအတွက် တစ်နေ့ကိုအမြင့်ဆုံးပမာဏ ယန်း ၈၃၃၀ အထိ ထောက်ပံ့ကြေးပေးရန်ဆောင်ရွက်နေပါသည်။

၎င်းအပြင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခြင်းခံရသည်ဟု သံသယရှိသူများအား ကြည့်ရှုစောင့်ရှောက်ပေးသည့် ဝန်ထမ်းများအတွက်လည်း ထောက်ပံ့ကြေးများပံ့ပိုးပေးမည့် အစီအစဉ်များဆောင်ရွက်ရန် ပြင်ဆင်နေပါသည်။

ထိုထောက်ပံ့ကြေးပေးမည့်အစီအစဉ်သည် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၇ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အကြား ခွင့်ယူလိုက်ရသည့် ဝန်ထမ်းများအတွက်အကျုံးဝင်မည်ဖြစ်ပြီး ယင်းအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကိစ္စနှင့် ပတ်သက်၍ မကြာမီကာလအတွင်း ကြေငြာဆောင်ရွက်သွားရန် ဝန်ကြီးဌာနက စီစဉ်နေပါသည်။

**Source:** စီးပွားရေးသံမှူး- မြန်မာသံရုံး၊ ဂျပန်

## ဂျပန်ဗဟိုဘဏ်အကြီးအကဲက ရင်းနှီးမြှုပ်နှံသူများ၏ စိုးရိမ်မှုများလျော့ကျရန် လိုအပ်သည်များပံ့ပိုးပေးရန် အဆင်သင့်ဖြစ်နေကြောင်းပြောဆိုခဲ့

ဂျပန်နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်အမျိုးအစားသစ် ပြန့်ပွားလာမှုကြောင့် ရင်းနှီးမြှုပ်နှံသူများ၏ ကြီးထွားလာသည့် စိုးရိမ်မှုများလျော့ကျလာစေရန် ဂျပန်ဗဟိုဘဏ်အကြီးအကဲ Mr. Haruhiko Kuroda က ဗဟိုဘဏ်အနေဖြင့် ဈေးကွက်တည်ငြိမ်စေရန် လိုအပ်သည့်ငွေကြေးကို အလုံအလောက်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ကြေညာပြောဆိုခဲ့ပါသည်။

Mr. Haruhiko Kuroda က ဈေးကွက်တည်ငြိမ်စေရန် ဗဟိုဘဏ်အနေဖြင့် လိုအပ်သည့် ငွေကြေးကို အလုံအလောက် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း အခိုင်အမာပြောဆိုကာ မတ်လ ၂ ရက်နေ့က တိုကျိုစတော့ဈေးကွက်၌ ရှယ်ယာဈေးများ ကျဆင်းခဲ့ပြီးနောက်ပိုင်း ဗဟိုဘဏ်အနေဖြင့် ယခုကဲ့သို့ ကြေညာချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။

ထိုကြေညာချက်အရ ဗဟိုဘဏ်အနေဖြင့် ရှေ့ဆက်ဖြစ်ပေါ်လာမည့် အကျိုးဆက်များကို အနီးကပ်စောင့်ကြည့်သွားမည်ဖြစ်ပြီး စတော့ဈေးကွက်အခြေအနေများနှင့် ပိုင်ဆိုင်မှုပိုင်း ဝယ်ယူ ခြင်းများတို့တွင် ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ၊ ငွေကြေးဈေးကွက် တည်ငြိမ်စေလာစေရန် လုံလောက်သောငွေကြေးပံ့ပိုးမှုများ ဆောင်ရွက်သွားမည်ဟုဆိုပါသည်။ ဂျပန်ဗဟိုဘဏ်သည် အစိုးရ၏ငွေချေးစာချုပ်များနှင့် ပုဂ္ဂလိကကုမ္ပဏီများ၏ ရှယ်ယာများကို ဝယ်ယူစုဆောင်းထားသော လဲလှယ်ရောင်းဝယ်ရေးရန်ပုံငွေများ ပိုမိုဝယ်ယူရန်ပြင်ဆင်နေပြီး ဈေးကွက်ဖရိုဖရဲဖြစ်မှုမှကာကွယ်နိုင်ရန် ယခုကဲ့သို့ ကြေငြာချက်ထုတ်ပြန်ကာ စီမံဆောင်ရွက်ခြင်းဖြစ်ပါသည်။

**Source: The Yomiuri Shimbun , The NHK World, The Japan News**

စီးပွားရေးသံမှူး- မြန်မာသံရုံး၊ ဂျပန်

## အိန္ဒိယနိုင်ငံ၌ မတ်ပဲတင်သွင်းခွင့်ကာလ တိုးမြှင့်သတ်မှတ်ခြင်း

အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနရှိ ပြည်ပကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း မတ်ပဲတန်ချိန် ၂.၅ သိန်း ထပ်မံတိုးမြှင့်တင်သွင်း ခွင့်ပြုကြောင်း ၁၉.၁၂.၂၀၁၉ နေ့၌ ကြေညာချက်ထုတ်ပြန်ခဲ့ရာတွင် ၎င်းပဲများအား ၃၁.၃.၂၀၂၀ နေ့ နောက်ဆုံးထား၍ အိန္ဒိယနိုင်ငံဆိပ်ကမ်းသို့အရောက်တင်သွင်းရန် ဖော်ပြခဲ့ပါသည်။ သို့ရာတွင် မတ်ပဲတန်ချိန် ၂ သိန်း ၅ သောင်းအား အဆိုပါသတ်မှတ်ကာလအတွင်း အချိန်မီတင်သွင်းနိုင်ရန် ခက်ခဲသဖြင့် တင်သွင်းခွင့်သက်တမ်းတိုးမြှင့်ပေးရန် မေတ္တာရပ်ခံမှုများကို လွန်ခဲ့သော ၂ လတာအတွင်း ပြည်ပကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနကလက်ခံရရှိခဲ့ပါသည်။ သို့ဖြစ်၍ ယခုအခါ ၎င်းမတ်ပဲများတင်သွင်းခွင့်ကာလအား ၂၀၂၀ ပြည့်နှစ် ဧပြီလ ၃၀ ရက်နေ့အထိ တိုးမြှင့်ခွင့်ပြုလိုက်ကြောင်း အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနက ၃.၃.၂၀၂၀ နေ့တွင် ကုန်သွယ်ရေးအသိပေးချက်အမှတ် ၅၄/၂၀၁၉-၂၀ ဖြင့် ပြင်ဆင်သတ်မှတ်လိုက်ပါသည်။

ထပ်တိုးတင်သွင်းခွင့်ပြုသည့် မတ်ပဲများအတွက် သွင်းကုန်လိုင်စင်ရရှိထားသည့် လုပ်ငန်းရှင်များအနေဖြင့် အဆိုပါပြင်ဆင်သတ်မှတ်သည့်နေ့ရက်အတွင်း အိန္ဒိယဆိပ်ကမ်းသို့အရောက်တင်သွင်းကြရန်နှင့် နောက်ထပ်မည်သည့် သက်တမ်းတိုးတောင်းဆိုမှုကိုမျှ ထပ်မံလက်ခံဆောင်ရွက်မည်မဟုတ်ကြောင်းသိရှိရပါသည်။

**Source:** **Trade Notice No. 54/2019-20 of Directorate General of Foreign Trade, Ministry of Commerce and Industry of India, 3rd March 2020**

စီးပွားရေးသံမှူး- မြန်မာသံရုံး၊ နယူးဒေလီမြို့

# STOCK EXCHANGE (3.3.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 3rd Mar. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +500 | +4.35% | 11,500 | 12,000 | 11,500 | 2,481 | 29,505,000 | 27,112,747 | 325,353 |
| MTSH | 00002 | 3,950 | -50 | -1.25% | 4,000 | 4,000 | 3,950 | 7,289 | 28,804,950 | 38,929,150 | 153,770 |
| MCB | 00003 | 8,400 | +200 | +2.44% | 8,400 | 8,400 | 8,400 | 21 | 176,400 | 10,400,986 | 87,368 |
| FPB | 00004 | 23,000 | +500 | +2.22% | 23,000 | 23,000 | 23,000 | 1 | 23,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,800 | -100 | -3.45% | 2,850 | 2,850 | 2,800 | 695 | 1,950,550 | 12,823,224 | 35,905 |

## Market summary

As of 3rd Mar. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 481.45 | +9.97 | +2.11% | 472.53 | 481.45 | 470.64 | 10,487 | 60,459,900 | 5 | 659,253 |

### Index chart




## Market Overview

As of 1:00 pm, 3rd Mar. 2020

| MYANPIX | 481.45 ▲ 9.97 |
|---|---|
| Total Volume (shares) | 10,487 |
| Total Value (MMK) | 60 mil |
| Listed Company | 5 |
| Market Cap. (MMK) | 659,253 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 500 |
| MTSH | 00002 | 3,950 | ▼ 50 |
| MCB | 00003 | 8,400 | ▲ 200 |
| FPB | 00004 | 23,000 | ▲ 500 |
| TMH | 00005 | 2,800 | ▼ 100 |